

ရွှန်းရည်မိုး
ပစ္စုပ္ပန်၏နောက်ကွယ်
L လင်း

# အခန်း(၁)

ဘယ်သူမဆို ကိုယ့်ကောင်းကင်ကို အပြာရောင် ကြည်ကြည်စင်စင် ဖြစ်စေချင်ကြမှာပေ့ါနော်။ ဘယ်သူကမှ တိမ်ညိုတွေနဲ့ ညစ်စေချင်မှာ မဟုတ်ဘူး။ အဲဒီ လိုပဲပေ့ါ။ စောလည်း ကိုယ့်ဘဝကို ကောင်းကင်ပြာရဲ့ ရင်ခွင်မှာပဲ နွေးထွေးရလိမ့်မယ်လို့ ထင်ခဲ့တာပေ့ါ။

ဒါပေမဲ့ … ကံကြမ္မာက စောကို လှည့်စားခဲတယ်လေ။

စောမှာ အမေကိုယ်တိုင် လိုလားကြည်ဖြူသဘောတူခဲ့တဲ့ ချစ်သူတစ်ယောက် ရှိပါရက်နဲ့ …။

စောရဲ့ကောင်းကင်ပြာပြာကို အမေကိုယ်တိုင် တိမ်ညိုတွေ လွှမ်းပစ်ခဲ့တယ်လေ။

အမေကတော့ ထင်မှာပဲ။ စောကို တာဝတီံ သာတင်ပေးရတာ လို့။ ဒါပေမဲ့ စောဟာ အဲဒီ တာဝတီံ သာကနေ တစ်သက်လုံး အခါခါ ပြုတ်ကျခဲ့တာကို အမေ မသိခဲ့ဘူးနော်။ အမေ သိမသွားခဲ့ဘူး။

*********

စောနဲ့ ကိုမိုးခေါင် ဆိုတာ ငယ်စဉ်ကတည်း ကျောင်းနေဖက်သူငယ်ချင်း။

အခန်းထဲမှာ စာတော်သော ကိုမိုးခေါင်က စောကို အမြဲစာပြပေးရသည်။

စောတို့က ငယ်စဉ်က ပြေလည်သည်။ အဖေရှိစဉ်က အဖေ့ရဲ့ လုပ်ရည်ကိုင်ရည်ကြောင့် စောတို့ မျက်နှာမငယ်ရ။ ဒါပေမဲ့ အဖေဆုံးတော့ စောရဲ့အမေက အဖေ့ကို တစ်သက်လုံး အားကိုးခဲ့သူပီပီ ဘာမှ မလုပ်တတ်။ ရှိတာလေး ထုခွဲရောင်းချရင်း အတိုးရင်းပွားလေးပေးရုံလောက်နဲ့ သားအမိနှစ်ယောက်ဘဝ ခရီးဆက်ရသည်။

ကိုမိုးခေါင်က စောအပေါ် ငဲ့ညှာပါသည်။ ငယ်စဉ်ကတည်းက သူ့မှာ မုန့်ရှိရင် သူ မစား။ စောဖို့။ သူ့မှာ ခဲတံအသစ်လေးဝယ်ထားရင် သူ မသုံး။ စောဖို့။ အစစ အရာရာ ဦးစားပေးခဲ့သည်။

မိုးခေါင် ဆိုတာ စောအတွက် ရှင်သန်လာသလား ထင်ရအောင် စောရဲ့ကိုယ်ပွားဖြစ်ခဲ့တာ။ ဒါပေမဲ့ စောက ဆယ်တန်းမှာ တဖုတ်ဖုတ်ကျကာ ရှေ့ဆက်မတက်နိုင်ချိန် မိုးခေါင်က ဆယ်တန်းကို ဂုဏ်ထူးတွေတသီးကြီးနှင့်အောင်ပြီး ဆေးတက္ကသိုလ်တက်ရသည်။

ငယ်က အချစ်တို့ အရောင်ပြောင်းကာ စောနှင့် မိုးခေါင် ချစ်သူတွေဖြစ်ကြတော့ မိုးခေါင်ဘက်က သဘောမတူသော်လည်း အမေကတော့ ဆေးကျောင်းသား သမက်လောင်းကို ချစ်ခင်ခဲ့သေးသည်။

မိုးခေါင်ဘက်က သဘောမတူပေမယ့်လည်း မယူမချင်း တားလို့ရတယ်ဟူသော သဘောဖြင့် ပြင်းပြင်းထန်ထန် မကန့်ကွက်ခဲ့သဖြင့် စောနှင့် မိုးခေါင်ရဲ့ အချစ်ရေးဟာ ရွှေလကလေး မသာ့တသာ အနေအထားဖြင့် ချီတက်ခဲ့ရသည်။

မိုးခေါင်က ရန်ကုန်မှာ ဆေးကျောင်းသွားတက်ရသဖြင့် ကျောင်းပိတ်ရက် မြို့ကိုပြန်လာမှ တွေ့နိုင်တာကြောင့် ချစ်သူနှစ်ဦး အနေဝေးခဲ့တာတော့ အမှန်။ ဒါပေမဲ့ မိုးခေါင်က ရန်ကုန်သူ ပညာတတ် အချောအလှတွေကြားထဲမှာ မပျော်မွေ့ဘဲ နယ်မြို့လေးက ချစ်သူကိုသာ တမ်းတသည်။

စောက အရွယ်ရောက်လာတော့ လှတစ်မျက်နှာယဉ်တစ်ကိုယ် ဆိုသလို မျက်နှာကျကလည်းလှ၊ ခန္ဓာကိုယ်အချိုးအစားကလည်း မယ်မြန်မာနဲ့ နင်လားငါလားဆိုတော့ မိုးခေါင်တို့ ချစ်သည်းပိုရသည်။ စောကလည်း စာတွေကျက်ရပါများပြီး ပါဝါမျက်မှန်ကလေး တပ်ထားရသော မိုးခေါင်ကို

တော်တော်ချစ်သည်မို့ ဒီမြို့ကလေးမှာ သူတို့အတွဲက ရေပန်းစားပါသည်။ သို့သော် …

အဲဒီ သို့သော်က မိုးခေါင်နဲ့ စောကြားကို မျဉ်းတစ်ကြောင်း ခြားလိုက်သည်။

စောတို့မြို့ကို ရန်ကုန်မှ သူဌေးတစ်ယောက် ရောက်ပြီး ဆီစက်နှင့် ဆန်စပါး၊ ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံတစ်ခုလာဖွင့်သည်။

ထိုသူဌေးက စောကို မျက်စိကျသည်။ အမေ့ကို ကပ်ပြီး စောကို ဝယ်ယူဖို့ ကြိုးစားသည်။

ဤနေရာတွင် ဝယ်ယူသည်ဟု သုံးနှုန်းရခြင်းမှာ ထိုသူဌေးဟာ အမေ့ကို ငွေလမ်းခင်းပြီး မက်လုံးပေးခဲ့သောကြောင့်ပင်တည်း။

ထိုအချိန်က စောအသက် ဆယ့်ကိုးနှစ်၊ အမေ့အသက်ကလေးဆယ်။ စောကို သဘောကျပါသည ဆိုသော ထိုသူဌေးက အသက်ငါးဆယ်တဲ့။ ကဲ … စောဘဝကို တွေးကြည့်ဦးလေ။ ဒီလို ဒီလို ကွာခြားတဲ့ အသက်အပိုင်းအခြားကြောင့် ထိုသူဌေးဟာ စောကို ထိုပွဲရုံ၊ ဆီစက်၊ သူ စီးနေကြကား အပါအဝင် ငွေသား အမြောက်အမြား လက်ဝတ်ရတနာ အစုံတို့ဖြင့် တောင်းရမ်းယူသည်။

အမေက ခေါင်းတွေ တွင်တွင်ညိတ်နေစဉ် စောက ခေါင်းတစ်ခုလုံး ပြုတ်ထွက်မတတ် ခါယမ်းငြင်းဆန်ခဲ့သည်။

“အမေရယ် … ဒီလောက်ပိုက်ဆံမက်နေရင်လည်း အမေပဲ ယူပါလား”

“ဟဲ့ … ငါ့ကိုမကြိုက်လို့ပေါ့၊ ငါ့ကိုကြိုက်ရင် ငါယူလိုက်တယ်၊ ကိုယ့်သမီးလေးနဲ့ အသက်ကွာမှန်း သိတာပေါ့၊ ဒါပေမဲ့ သမီးကို အမေက ဆင်စီးမြင်းရံစေချင်လို့ပါကွယ်”

“သမီးမှာ ကိုမိုးခေါင် ရှိတယ်လေ အမေရဲ့”

"အမေ သိပါတယ်၊ ဒါပေမဲ့ မောင်မိုးခေါင်ဘက်က သဘောမှ မတူတာ သမီးရယ်၊ မောင်မိုးခေါင်က သမီးဘဝကို ဘယ်လောက်များ အာမခံချက် ပေးနိုင်မှာမို့လဲ၊ သမီးရယ် စိတ်ကူးမလွဲပါနဲ့"

အမေကို မလွန်ဆန်နိုင်တော့ အထုပ်ဆွဲပြီး ကိုမိုးခေါင်ရှိရာ ရန်ကုန်ကို လိုက်ဖို့ပြင်သည်။ လမ်းမှာ ကိုမိုးခေါင်မိခင်နှင့် တွေ့ပြီး ...

"ဒါက ဘယ်လဲ မေစော၊ ငါ့သားဆီ သွားမလို့လား၊ မလုပ်ပါနဲ့အေရယ်၊ ပညာတစ်ပိုင်းတစ်စနဲ့ ကျုပ်တို့သားလေးနွံထဲ နစ်နေပါ့မယ်၊ ညည်း မိုးခေါင်ကို တကယ်ချစ်ရင် သူပညာသင်နေတာကို သွားမနှောင့်ယှက်ပါနဲ့ ကျုပ်တောင်းပန်ပါတယ်အေ"

ဒီလိုနဲ့ပဲ စောကို အမေက ပြန်မိလာပြီ အတင်းအိမ် ပြန်ခေါ်ကာ ရန်ကုန်က သူဌေး ဦးထွန်းခနဲ့ အတင်းပေးစားခဲ့သည်။

*********

ဦးထွန်းခကို လူပျိုကြီးထင်ခဲ့သော စော။ ကိုယ်ယူတဲ့ ယောက်ျား ဘာသားနဲ့ထုမှန်းမသိသော စော။ ရန်ကုန်က ဦးထွန်ခရဲ့အိမ်ကိုအရောက် ဒုက္ခလှလှတွေ့ရသည်။

"အဖေရယ် ... ဘယ်လိုလုပ်လိုက်တာလဲ၊ အဖေ့ မိန်းမက သမီးထက်တောင် ငယ်သေးတယ် ကြားလို့ကောင်းသေးရဲ့၊ သမီးတော့ သိပ်ရှက်တာပဲ၊ တော်တော်ရှက်ဖို့ကောင်းတယ်၊ ဟင်း ... ညည်းကရော ကိုယ့်အဘိုးလောက်ရှိတာကြီးကို ယူစရာလား၊ ညည်း တော်တော် ပိုက်ဆံမက်တယ် ဟုတ်လား၊ ဟင် ... ညည်း ငါ့အဖေကိုယူတာ ပိုက်ဆံကြောင့်ပဲ၊ ညည်းဟာ ပိုင်းလုံးမပဲ"

ဦးထွန်းခရဲ့ သမီးက ပက်ပက်စက်စက် စော်ကားခြင်းဖြင့်

ကြိုဆိုခဲ့သည်။ မေစောကတော့ ဘာမှမပြောချင်တော့။ သူမ နေရာမှာ မေစော ဆိုရင်လည်း ထိုသို့ခံစားရမှာပဲ။ ရှိစေတော့။ စောရဲ့ကံကြမ္မာကို ရေစုန်မှာ မျှောဖို့ ဆုံးဖြတ်ပြီးပြီမို့။

ဦးထွန်းခသမီးက အိမ်ထောင်သည်။ ကလေးလေးတောင် သုံးနှစ်သမီးလေး ဖြစ်နေပြီ။ ဦးထွန်းခသမီးက အိမ်ခွဲမနေဘဲ ဖအေတစ်ခု သမီးတစ်ခုဆိုကာ အတူနေခဲ့တာမို့ စောမှာ ထိုသမီးဖြစ်သူမိသားစုကို ရှောင်ချင်တိုင်း အခန်းအောင်းနေခဲ့ရသည်။

တစ်ခုတော်သေးတာက ဦးထွန်းခက စောအပေါ် တော်တော်လေးချစ်ကာ နားလည်ပေးပြီး စောမျက်နှာမညိုအောင်ထားတာမို့ တော်တော့သည်။

အမေကိုလည်း အလျှံအပယ်ထောက်ပံ့တာမို့ အမေက စောဒုက္ခတွေကို မသိဘဲ စိတ်ချမ်းသာနေခဲ့သည်။

ကိုမိုးခေါင် တစ်ယောက်တည်း စောကို တော်တော် စိတ်နာသွားသတဲ့။ စောအဖြစ်ကိုတော့ သိမှာမဟုတ်။ စောကတော့ ဘဝကို အရှုံးပေးလိုက်၏ ။ စောဘဝကို ဦးထွန်းခရဲ့ ခြေဖဝါးအောက်မှာပဲ ဖြစ်သလို ပစ်ထားလိုက်၏ ။

တစ်ရက် ဦးထွန်းခရဲ့ သမီးမွေးသော ဦးထွန်းခရဲ့ မြေးလေး သရဖူထွန်းခရဲ့ သုံးနှစ်မြောက်မွေးနေ့ပွဲ လုပ်သည်။ စောက ကလေးချစ်တတ်သူမို့ သရဖီကလေးကို ချစ်ပါသည်။ ပါးဖောင်းဖောင်း ဝကစ်ကစ် သရဖီလေးက စကားလည်း တွတ်တီးတွတ်တာ ပြောတတ်သေးသည်။

စောက အပြင်ထွက်ရင်း သရဖီ့အတွက် မွေးနေ့လက်ဆောင် ဘိုမရုပ်ကလေး ဝယ်ပေးမိသည်။ ကလေးကို ပေးချင်တာတောင် သူ့အမေသိမှာစိုး၍ တိုးတိုးတိတ်တိတ်လေး ပေးရသည်။

သို့သော် ...

"မာမီရေ မီးကို ဟိုသရဲမကြီး အရုပ်လာပေးနေတယ်၊ မီး ယူဘူးနော်"

ကလေးက အော်တိုင်သဖြင့် သူ့အမေ ချက်ချင်းသိသွားကာ စောကို ပြောဆိုလိုက်တာ နှစ်ပြားမတန်။

"ဒီမှာ ငါ့အဖေပိုက်ဆံနဲ့ ငါ့သမီးကို လာမမြှူဆွယ်နဲ့ မေစော၊ နင် မှတ်ထားဖို့က နင်စာ ငါတို့မိသားစုရဲ့ အမုန်းကို တစ်သက်လုံး ခံယူရလိမ့်မယ် ဆိုတာပဲ"

စောကတော့ မတုန်လှုပ်တော့ပါ။ ပြောချင်ရာ ပြောပါစေတော့ပေ့ါ။ ဦးထွန်းခကတော့ သမီးလည်းမပြောရဲ။ စောအတွက်လည်း စိတ်မကောင်းနှင့် မြေဇာပင်ဖြစ်နေရှာသည်။

"မေစောလေး ... ဦး တောင်းပန်ပါတယ်ကွယ်"

"ရပါတယ် ဦးရဲ့၊ စော ခံနိုင်ရည်ရှိပါတယ်"

စော ကိုယ်ဝန်ရလာတော့ ဦးထွန်းခရဲ့သမီး သူဇာထွန်းခက ဦးထွန်းခပိုင်ဆိုင်သမျှ အားလုံးကို သူ့သမီး သရဖီထွန်းခနာမည်နဲ့ အကုန်လွှဲခိုင်းသည်။ စောတို့မြို့က ဆီစက်နှင့် ပွဲရုံပါ မကျန်ပေ့ါ။ ဒါပေမဲ့ အဲဒါတွေက စောကို တင်တောင်းထားတာတွေ မှန်းသိတော့ ဆွေ့ဆွေ့ခုန်ပါသည်။

"ဦးရယ် ... မသူဇာ လိုချင်ရင်လည်း လွှဲပေးလိုက်ပါ၊ စော မမက်ပါဘူး"

"မမက်လို့ ဘယ်ရမလဲ စောရဲ့၊ စောမှာ ကိုယ်ဝန်ရှိနေပြီ၊ စောကလေးရှေ့ရေးက ရှိသေးတယ်၊ စော ဘာမှ မပြောနဲ့၊ စောကို တင်တောင်းတာမှန်သမျှ စော အပိုင်ပဲ၊ ကျန်တာအကုန် သူတို့ကိုပေးပြီးပြီ၊ စောလေးက သိပ်ရိုးသားတာပဲကွာ"

စောကို တင်တောင်းထားတာကလည်း နည်းမှမနည်းတာ။ ပွဲရုံဝင်ငွေကလည်း တော်တော်ကောင်းသည်။ ဆီစက်ကလည်း အလုပ်ဖြစ်သည်။

ထိုမှရသော အမြတ်ငွေတွေနှင့် ဘုရင့်နောင်မှာ ပွဲရုံထပ်ဖွင့်သည်။ ကျောင်းစာမှာညံ့ဖျင်းသော စောကို ဦးထွန်းခက စီးပွားရေးပညာတွေ သင်ပေးသည်။

စောသမီးလေး မျက်နှာမြင်ချိန်မှာပဲ စောမိခင် ဆုံးသည်။ အမေသည်။

စောကို လောကအလယ် တစ်ကောင်ကြွက် တစ်မျက်နှာဘဝနှင့် စိတ်ချလက်ချ ထားခဲ့သည်။

စောဘဝ ကောင်းစားနေပြီဟု ထင်တစ်လုံးနှင့် အမေထွက်ခွာသွားခဲ့ပြီ။ ဒါပေမဲ့ စောမှာတော့ ...

သမီးလေး ဖြူစင်ထွန်းခကို ကျောင်းစထားချိန်မှစပြီး စော စီးပွားရေးလောကထဲ ခြေစုံပစ်ဝင်ခဲ့သည်။ စောမှာ လုပ်စရာ ဒါပဲရှိတော့သည်လေ။

*********

# အခန်း(၂)

"သမီးလေးရော"

ဦးထွန်းခ အသက်ခုနစ်ဆယ်ခန့်ဖြစ်နေပြီ။ ထိုအချိန်မှာ စောက အသက်လေးဆယ်ဝင်စ လှပတုန်းအရွယ်ပါ။ ဒါပေမဲ့ စော ကျေးဇူးရှင် ဦးထွန်းခအပေါ် လေးစားရိုသေခဲ့ပါသည်။ ဒါပေမဲ့ သမီးလေး ဖြူစင်ထွန်းခက ဘယ်လိုသန္ဓေဆိုးပါလာမှန်း မသိ။ တော်တော်စရိုက်ဆိုးလှသည်။ ခုလည်း အိုကြီးအိုမ ဖခင်ကြီးက မေးနေပြီ။ ဖြူစင် ပြန်မလာသေး။ အချိန်က ညကိုးနာရီ။ ကြီးက မေးနေပြီ။ ဖြူစင် ပြန်မလာသေး။ အချိန်က ညကိုးနာရီ။

"ဟိုလေ ... သမီးက ဒီနေ့ သူ့ဆရာမအိမ်မှာ ဘုရားကိုးဆူရှိလို့ နောက်ကျမယ် ဦး"

"ဟုတ်ရဲ့လား စောရယ်"

"ဩော် ... တကယ်ပါဦးရဲ့"

"စောနော် သမီးလေးကို လွှတ်မထားနဲ့၊ စော မွေးထားတာ မိန်းကလေး၊ ကိုယ်က ဘယ်မှ လိုက်ကြည့်နိုင်တာမဟုတ်ဘူး၊ ကိုယ့်ကိုယ်ကိုယ်လည်း အားမရတော့ပါဘူးကွယ်၊ ဖအေကြီးက မလှုပ်နိုင် အိုမင်းနေတဲ့အချိန်၊ သမီးကဆယ်ကျော်သက်၊ ဟင်း ... သမီးလေးကို ဂရုစိုက်ပါ စောရယ်"

"စိတ်ချပါ ဦးရယ် ... ဘာမှ မပူနဲ့ သမီးက လိမ္မာပါတယ်"

"ကိုယ် သိပါတယ် စောရယ်"

ဦးထွန်းခက လူအ,မှမဟုတ်တာ။ သိပ်သိတာပေါ့။ ဆယ်ကျော်သက်သမီးငယ်ကို သူ့စိတ်ထဲ မျက်စိစပါးမွေးစူးလှသည်။

ကြည့်လိုက်ရင် အမြဲဘောင်းဘီကွာတားနှင့်။ ခေါင်းစွပ်တီရှပ်ကို မချွတ်စတမ်းကြီးဝတ်ပြီး ကားတစ်စီးနှင့် တစ်နေကုန် အပြင်ထွက်ရင်ထွက်။

မထွက်ရရင် အိမ်မှာနေပေမယ့် တစ်နေကုန် တစ်ချိန်လုံးဖုန်းပြောသည်။ ဂိမ်းနှိပ်သည်။ ညဏ်ကောင်းလွန်း၍ မျှား စားမေးပွဲ အောင်နေသလားမသိ။ စာကို ကျက်တာမတွေ့။

စော လိမ္မာသလောက် သမီးလေးက တော်တော်ဆိုးသည်။ စောကလည်း အလိုလိုက်လွန်းလှသည်။ ဦးထွန်းခ ပြောလည်းပြောရုံပင်။

ထိုညက ဆယ်နာရီခန့်မှ ပြန်ရောက်လာသည်။ ပြန်ရောက်ပုံကိုလည်းကြည့်။ ကားပေါ်က ဖုန်းပြောရင်း ဆင်းလာပြီး ဖုန်းပြောရင်းနဲ့ အပေါ်ထပ်တက်ဖို့ပြင်သည်။

"သွားခေါ်လိုက် စော၊ ကိုယ် ပြောစရာရှိလို့"

"ဟင် .... ဦး မအိပ်သေးဘူးလား"

"ကိုယ် သမီးကို စောင့်နေတာ"

"သြော် ... ဦးရယ် အိပ်ပါတော့၊ ဦးပြောစရာရှိရင် မနက်မှပြောနော် ဦး၊ ဟိုမှာ ကလေးလည်း အိပ်ချင်ရောပေ့၊ ဦးရော ကလေးရော အိပ်ရေးပျက်မှာစိုးလို့ ပြောတာနော်"

"ဟင်း ... စောရယ် သိပ်ခက်တာပဲ"

ဇနီးငယ်လေးကို အပြစ်မပြောရက်ဘဲ သူ မအိပ်ချင်ဘဲ မျက်လုံးမှိတ်လိုက်ရတော့သည်။

ခင်ပွန်းဖြစ်သူကို ချော့သိပ်ပြီး သမီးအခန်းကို ပြေးရပြန်သည်။

"ဒေါက် ... ဒေါက် ... ဖြူလေး တံခါးဖွင့်ဦး"

ဖြူစင်က အိမ်မှာနေရင်လည်း အမြဲတမ်း အခန်းတံခါးလော့ခ်ချထားတတ်တာမို့ မအေကအစ တံခါးခေါက်ပြီး ဝင်ရတာ ထုံးစံ။

“ဘာလုပ်နေတာလဲ သမီး”

“သွေးစုပ်ဖုတ်ကောင်ကား ကြည့်မလို့ပါ မေမေ”

“ဟင်း ... အဲလိုကားတွေ မကြည့်ပါနဲ့ ကလေးရယ်၊ ကြောက်စရာကြီး”

ထိုစဉ်မှာပဲ ဖုန်းကမြည်လာပြန်သည်။ ဆယ်မိနစ်လောက် ဖုန်းပြောရ၏ ။

ထိုဖုန်းပြောနေစဉ် Second call ဝင်လို့ဆိုပြီး နောက်တစ်ယောက်နဲ့ ထပ်ပြောတာက ဆယ့်ငါးမိနစ်။ ထိုမိနစ်နှစ်ဆယ် ပြီးတော့ ...

“ဟား၊ ... မေ့နေတာ ကြည်ပြာ့ကို ဖုန်းဆက်ရဦးမယ်”

“ကဲ ... တော်ပြီ ဖြူလေး၊ မေမေ့ကို ဖုန်းပေး”

“အာ ... မေမေကလည်း ဒီမှာ ဖုန်းဆက်စရာရှိပါတယ်ဆိုမှ”

ဖုန်းခလုတ်တွေကို နှိပ်နေသော သမီးဖြူရဲ့ လက်ထဲမှ ဖုန်းကို ဆွဲယူလိုက်သည်။

“ဖြူလေး ဒီည ဘာလို့နောက်ကျနေတာလဲ၊ ဟိုမှာ ဖအေကြီးက စိတ်ပူပြီး တမျှော်မျှော်ဖြစ်နေပြီ၊ ခုန ပြန်လာတော့လည်း ဖအေဘက်ကို တစ်ချက်လှည့်ကြည့်ဘူး၊ ဟိုမှာက သမီးကို မျှော်လို့။ ကဲ ... ခုနလည်း သမီးကို သွားခေါ်တဲ့။ မေမေ မနည်းအိပ်ခိုင်းလိုက်ရတယ်၊ ဒါပေမဲ့ မနက်ကျရင်တော့ ရှောင်လို့ရမှာ မဟုတ်တော့ဘူး၊ ဖြူလေးကလည်း ဖြူလေးပဲ၊ ကဲ ... ပြော ဘာလို့ နောက်ကျရသလဲ”

“ကြည်ပြာ့မွေးနေ့လေး သွားစားတာပါ မေမေရာ၊ ဖေဖေကလည်း တကယ် အန်းဒိတ်ပဲ၊ လူငယ်ပဲ ဒီလောက်သွားတာ ဘာဖြစ်မှာလဲ၊ ပြီးတော့ ကိုယ့်ကားနဲ့ကိုယ်”

“လူငယ်ကလူငယ်၊ စည်းကမ်းကစည်းကမ်းပဲ ဖြူလေး၊ လူငယ်ဖြစ်ဖြစ် လူကြီးဖြစ်ဖြစ် စည်းမရှိရင် ပရမ်းပတာနဲ့ ကမ်းမရှိရင် မျောချင်ရာ မျောသွားမှာပေါ့”

“ဟာဗျာ … တော်ပါတော့ မေမေရာ၊ စိတ်ညစ်လာပြီ”

အိပ်ရာပေါ် ကန့်လန့်ဖြတ်မှောက်ချပြီး နားနှစ်ဖက်ကို ခေါင်းအုံးဖြင့် ဖိပိတ်ထားသည်။ ခဏကြာတော့ တရှူးရှူး အိပ်ပျော်သွားပြီ။ သူ့အခန်းထဲမှာ စတစ်ကာမျိုးစုံ၊ အရုပ်မျိုးစုံ၊ ဂိမ်းအခွေမျိုးစုံကို ပြန့်ကျဲလျက်ရှိသည်။ အကျႌတွေက အဝတ်လှမ်းစင်ပေါ်မှာ တိုးလိုးတွဲလောင်း။

နံရံကပ်ဗီရိုထဲက အဝတ်အစားတွေကလည်း ဟိုက ဆွဲထုတ် ဒီကဆွဲထုတ်ဖြင့် ပွစာတက်နေခဲ့သည်။ ဖြူစင်ထွန်းခဆိုတာ အဲဒီ လို မိန်းကလေး။

ဒေါ်မေစောက သမီးအခန်းကို ရှင်းပေးရင်း သမီးနှင့် ဖအေကြီးကြား ဖာထေးပေးဖို့ စကားလုံး စဉ်းစားနေရသည်။

သမီးကလေးမွေးတော့ ဦးထွန်းခက ငါးဆယ်ကျော်ဆိုတော့ သမီးငယ်စဉ်ကတည်းက ဦးထွန်းခနဲ့သမီးဟာ သဟဇာတ မဖြစ်ခဲ့ရ။ အသက်ကကွာတာကိုး။ ငယ်ရွယ်သူ ဖခင်တွေလောက် သမီးနဲ့ လိုက်လျောညီထွေမရှိခဲ့။ ဒီတော့ သမီးနဲ့ဖအေ မနွေးထွေးခဲ့တာ မဆန်းပါဘူး။

ဒါပေမဲ့ ဦးထွန်းခဟာ သမီးလေးကို ငုံထားမတတ်ချစ်တာကို မေစော အသိဆုံး။ သမီးကတော့ နားမလည်ခဲ့ဘူး ထင်ပါရဲ့။

သမီး အခန်းထဲရှင်းပေးပြီး သမီးကို ခုတင်ပေါ်မှာ တည့်တည့်မတ်မတ်ဖြစ်အောင် ပြင်ပေး။ Aircon ကို အရှိန်လျှော့ပေးဖြင့် လုပ်စရာ ရှာလုပ်နေမိသည်။

သမီးဘေးမှာ ဝင်လှဲပြီး သမီးနဖူးလေးကို ဖွဖွနမ်းမိသည်။ မိမိရဲ့ တစ်ဦးတည်းသော သွေးသားရင်းခြာလေး တော်တော်ဆိုးသည့်ကလေးလေး။ စောကိုယ်တိုင်ကလည်း ထိုတစ်ဦးတည်းသော သွေးသားဆိုသည့် တစ်ချက်တည်းနဲ့ အစွမ်းကုန် အလိုလိုက်ထားခဲ့တာလေ။ ကလေးဆိုးလေးကိုဖြစ်လို့။

*********

# အခန်း(၃)

တစ်ဖက်မှာ ဦးထွန်းခကလည်း အိပ်မပျော်။ မိမိက အသက်ကြီးပြီ။ စောနဲ့သမီးကို စိတ်ကိုမချပါ။ အထူးသဖြင့် စောကို အသနားပိုမိသည်။ စောခမျာ မယူချင်ပဲ ယူထားရသော သူ့အပေါ် တော်တော် ဇနီးကောင်းပီသခဲ့ရှာသည်။

ဒါပေမဲ့ စောဟာ ချစ်သူကို ပစ်ပြီး
တည်ဆောက်ခဲ့ရတဲ့အိမ်ထောင်ရေးအပေါ် မသာယာနိုင်ခဲ့။
သမီးလေးမွေးပြီးတည်းက သူ့ဆီက စီးပွားရေးပညာတွေသင်ပြီး
စီးပွားရေးလောကထဲ ခြေစုံပစ်ဝင်ခဲ့တာ။ သမီးငါးနှစ်သမီးလောက်ရောက်တော့ စောက စီးပွားရေးလောကထဲမှာ နာမည်တစ်လုံးရနေပြီ။ ဒီတော့ စောက အိမ်တစ်လုံးထပ်ဝယ်ပြီး သူမဝယ်သည့် အိမ်ကို ပြောင်းမည်ဆိုသည်။

သူ့သမီးကြီး သူဇာကလည်း စောနဲ့ဆို တန်းဆောင်းစေနဲ့ မျက်ချေးဆိုတော့ စောက စိတ်ညစ်ပုံရသည်။ သူဇာတို့ကလည်း အိမ်မခွဲဘဲ တမင်ပေါင်းနေတာမို့ စောက ပြောင်းနေရန် ကြိုးစားခြင်းပါ။ သမီးလေးဖြူရဲ့ ရှေ့ရေးက ရှိသေးတာကိုး။

အဲလိုနဲ့ပဲ စောဝယ်ထားသည့် အိမ်ကို သူပါ လိုက်ပြောင်းခဲ့ရသည်။ စောကို ဒီမှာဆက်နေဖို့လည်း မပြောချင်တော့။ ဘာလို့လဲဆိုတော့ သမီးကြီး သူဇာက စောနဲ့ရထားသော သမီးလေးဖြူကို လူလစ်ရင်လစ်သလို နှိပ်စက်သည်။

ဒီတော့ သမီးလေးဖြူက ပိုပြီး ကြမ်းကြမ်းတမ်းတမ်းလေးဖြစ်သည်။ မွေးလာကတည်းက ငယ်စဉ်ကတည်းက တစ်ခုခု လိုချင်တာမရရင် အာခေါင်ခြစ်ပြီး မရပ်မနား အော်တတ်သော ကလေးလေးဟာ သူဇာကြောင့် ပိုခက်ထန်လာခဲ့သည်။

ဒီတော့ စောက သူသာ သည်းခံခဲ့မည်။ သူ့သမီးကို ထိရင် မခံဖြစ်လာသည်။ ဒီလိုနဲ့ စော အိမ်ပြောင်းရာနောက်သို့ သူက ဆံထုံ နောက် သျှောင်ပါခဲ့ရတော့သည်။

ခုဆို သမီးလေပင် ဆယ့်ကိုးနှစ်ရှိပြီ။ ပြီးတော့ သမီးလေးက စောရဲ့ အလိုလိုက်မှုကြောင့် တော်တော်လေးဆိုးသွမ်းနေပြီ။ ငယ်စဉ်ကတည်းက သူ့သမီးကို ဆူရင် စောက မျက်နှာငယ်ရှာသည်မို့ ချစ်ဇနီး စိတ်ဆင်းရဲမည်စိုးသဖြင့် မျက်နှာလွှဲခဲ့သည်။

ခုတော့ အိုးထိန်းသည် အရိုက်မနာခဲ့၍ အိုးကလေး ပုံမလာပန်းမကျ ဖြစ်တော့မည်။

စောကလည်း သမီးကို မနိုင်တော့။ သမီးကို ဗိုင်းကောင်းကျောက်ဖိ ဖြစ်စေချင်သော်လည်း ခုချိန်မှာ နှောင်းခဲ့ပြီ။ ဆိုးသွမ်းနေတာလေးတွေ ဆင်ခြင်လာဖို့တောင် မနည်းဆုံးမရမည်။ စကားလုံး တော်တော်ရွေးရဦးမည်။

တော်တော်ညဥ့်နက်မှ စော အခန်းထဲဝင်လာသည်။ စောင်ကို ရင်ဘတ်ပေါ်အထိ လွှမ်းပေးပြီး သူ့ ဘေးမှာ ဝင်လှဲသည်။

“စော မနက် ဘယ်သွားစရာရှိလဲ”

“ဟင် … ဦး မအိပ်သေးဘူးလား”

“အိပ်မပျော်ပါဘူးကွယ်”

“မနက်ဖြန်ပဲ ကွန်တိန်နာတွေ ဆိပ်ကမ်းချတာ သွားကြည့်ရမယ် ဦး”

“ကောင်းပြီ၊ သွားစရာရှိတာ စိတ်အေးလက်အေးသွား၊ ကိုယ် သမီးကို ဆုံးမစရာရှိတာ ဆုံးမမယ်၊ အဲဒါ စော ဝင်ပါဖို့မကြိုးစားနဲ့၊ ကိုယ်က စောတို့သားအမိရှေ့မှာ သိပ်ကြာကြာမနေနိုင်တော့ဘူး စော၊ ကိုယ်နေညိုနေချိန်ရောက်နေပြီ၊ ကိုယ်မရှိရင် သမီးဆိုးလေးနဲ့ စော ဒုက္ခရောက်မှာစိုးလို့ ကိုယ်ပြောတာ နားလည်လား စော”

“ဟုတ်ကဲ့ နားလည်ပါတယ်”

“ကောင်းပြီ၊ ဒါဆို ကိုယ် သမီးကို ဆုံးမရင် စော ဝင်မပါရဘူး၊ ကဲ …

အိပ်တော့၊ မနက်ကျရင် မနိုးဘဲနေမယ်”

တကယ်လို့သာ ထိုညက ဦးထွန်းခ ပြောသော စကားတွေဟာ နှုတ်ဆက်စကားတွေလို့ ဘယ်သူထင်မှာလဲ။ ဘာရောဂါမှ မရှိ၊ မဖြစ်ရပါဘဲနှင့် မိုးလင်းမှာ တောင့်တင်းအေးစက်ပြီး ခေါ်မရ နှိုးမရဖြစ်နေသော ကျေးဇူးရှင်ချစ်လင်။ ဆရာဝန်လာမှ ဦးနှောက်သွေးကြောပြတ်ပြီး ဆုံးမှန်းသိရသည်။

စောက ငိုပါသည်။ ဘာပဲပြောပြော ဦးထွန်းခသည် စောရဲ့ ကျေးဇူးရှင် အိမ်ဦးနတ်ဖြစ်ခဲ့သည်လေ။ သမီးဖြူစင်က မျက်ရည်တစ်စက်မကျ။

တော်တော်မျက်ရည်ခိုင်သည့် ကလေး။

စောမှာ မျက်ရည်စက်လက်နှင့် မသူဇာတို့ကို အကြောင်းကြားရသည်။

မသူဇာက ခုနစ်သံချီ ငိုပြီး ရောက်လာသည်။ မြေးဖြစ်သူက သရဖီထွန်းခကလည်း အဘိုးကို တ,ပြီး ငိုရှာသည်။

ဖြူစင်က တစ်နှစ်နေလို့ တစ်ခါမတွေ့သော သရဖီကို အကဲခတ်နေသည်။

သရဖီက အသားညိုပေမယ့် ဝင်းဝါစိုပြည်လှပသူပါ။ တင်ပါးဖုံးသော ဆံပင်တွေကို ဒီအတိုင်း ဖြန့်ချထားတာက သူမရဲ့စတိုင်လ်ဟု ပြောရမလား။ ကိုယ်ခန္ဓာအချိုးအစား ပြေပြစ်လှပသလို အမြဲလိုလို မြန်မာဆန်ဆန် ချပ်ချပ်ရပ်ရပ် ဝတ်တတ်စားတတ်မို့ ယဉ်တစ်ကိုယ်မယ်အဖြစ် အခြေသတင်းကြီးသည့် အဆင့်ရှိပါသည်။

ဖြူစင်ကတော့ အဲလိုမဟုတ်။ တီရှပ်နဲ့ ဘောင်းဘီ မချွတ်စတမ်း ဝတ်တတ်သလို ဆံပင်က တိုကပ်ကပ်။ ထိုတိုကပ်ကပ်ကို အမြဲလိုလို စတိုင်လ်ပြောင်းညှပ်တတ်သေးရဲ့။ တော်ကြာ အီမိုစတိုင်လ်၊ တော်ကြာ ပန့်ခ်၊

တော်ကြာ ဗစ်တိုးရီးယားကော။ ပေါ်သမျှ ဆံပင်တိုဒီဇိုင်းတိုင်းကို လိုက်လုပ်တတ်သည်။

ဒါပေမဲ့ သူမ အသားအရေက စောနှင့်တူစွာ ဝင်းမွတ်ဖြူနေကာ ရုပ်ရည်ကလည်း မအေထက် နှစ်ဆသာသဖြင့် သူမသည်လည်း သူမပတ်ဝန်းကျင်မှာ ဘုရင်မလေး။

သူမနဲ့ သရဖီဟာ အမြဲဆန့်ကျင်ဘက်ဖြစ်နေသည်။ ဖြူစင်က ဆိုးသလောက် သရဖီက အေးလွန်းလှသည်။ တကယ်ကို ဗိုင်းကောင်းကျောက်ဖိ မိန်းမပီသလွန်းလှသည်။ ကဲ ... အမျိုးစပ်ရရင် အဒေါ်ငယ်နဲ့ တူမကြီး ဘယ်လိုစခန်းဆက်မလဲ ဆိုတာ။

တရှုံ့ရှုံ့ငိုနေသော သရဖီနားကို လူတစ်ယောက်ရောက်လာသည်။ အသုဘသတင်းလာမေးသော လူတချို့ဆီမှ အသံထွက်လာသည်။

"ဟဲ့ ... အဲဒါ သရဖီလေးနဲ့ စေ့စပ်ထားတာတဲ့၊ ကောင်လေးက ဆရာဝန်ဆိုပဲ"

သရဖီနဲ့ စေ့စပ်ထားသော ဆရာဝန်။ ဖြူစင်ထွန်းခ လက်ဖျောက်တစ်ချက်တီးကြည့်ချင်စိတ် ပေါက်လာသည်။ တော်တော်ဆိုးသည့်ကလေးမ။

*********

စာဆိုတစ်ခုရှိတယ်။ ဖြူစင်ထွန်းခနဲ့ ပတ်သက်တဲ့ စာဆိုလေ။

"ဖြူစင်ထွန်းခ လက်ဖျောက်တစ်ချက်တီးရင် ယောကျ်ားလေးတစ်ယောက်ရဲ့အသည်း ကြွေတတ်တယ်တဲ့"

ဟုတ်လားလို့ စမ်းကြည့်ချင်တယ်။ ပစ်မှတ်က သရဖီနဲ့ စေ့စပ်ထားတဲ့လူ။

ဒါမှ ဒေါ်သူဇာထွန်းခခေါ် သူမအစ်မကြီးကို လက်စားချေနိုင်မှာ။

သူရဗိလည်း အသည်းကွဲပါစေ။ သူမ သိတတ်စတည်းက သရဖီကို မုန်းတာ။ သူမတို့ငယ်ငယ် အိမ်ခွဲမနေခင်ကတည်းက အိမ်ကိုလာတဲ့ ဧည့်သည်တွေဟာ သူမထက်ကြီးသော သရဖီကိုသာ ကောက်ချီပြီး အရေးတယူပြုတတ်ကြကာ၊ သူမကိုဆိုရှိတယ်တောင် မထင်ကြ။ ဒုတိယမယားက မွေးတဲ့သမီးမှာ မျက်နှာငယ်လှသည်။ ဒါတွေကို ဖေဖေ မသိသွား။ ဘာပဲဖြစ်ဖြစ် ဖြူစင်က သရဖီကို မုန်းသည်။

ဒေါ်သူဇာကိုရော သရဖီကိုပါ တစ်ခါတည်းထိအောင်ပစ်ဖို့က သရဖီနဲ့ စေ့စပ်ထားတဲ့သူက ပစ်မှတ်ဖြစ်နေသည်။

ဆုံးဖြတ်ချက်ချပြီးတာနဲ့ စတင်အကောင်အတည်ဖော်လိုက်သည်။

ကော်ဖီတစ်ခွက် ဖျော်ပြီး ဗန်းထဲထည့်ကာ အိမ်ရှေ့ထွက်လာလိုက်သည်။ သရဖီနဲ့ သူ့လူက ဧည့်ခန်းထောင့်က ကြိမ်ခုံလေးမှာ ထိုင်နေကြသည်။

သူမက သူတို့နားလျှောက်သွားကာ သူထိုင်နေသော ခုံကို လက်ညှိုးညွှန်ပြီး ...

"အဲဒါ ဖြူလေး ထိုင်နေကျခုံ၊ အဲဒီ ခုံမှာ ဘယ်သူထိုင်တာမှ မကြိုက်ဘူး၊ ခုဖယ်ပေး"

"ဗျာ"

သူက နားမလည်နိုင်သလို မော့ကြည့်သည်။ သရဖီက မျက်နှာပျက်သွားပြီး ...

"ဘယ်လိုပြောလိုက်တာလဲ ဖြူစင်ရယ်၊ ဧည့်သည်ကို အားနာစရာ"

"အို ... မသိဘူး ဖယ်ပေး၊ ဒီမှာ ကော်ဖီ ထိုင်သောက်မလို့"

"ဩော် ... ဟုတ်ကဲ့"

သူ့လူထရပ်တော့ သရဖီပါ လိုက်ထပြီး ဆိုဖာဆက်တီတွေဘက် ရွှေ့သွားသည်။

"အားနာပါတယ် ရှင်းသစ်ရယ်၊ သူက အဲလိုပဲ နည်းနည်းဆိုးတယ်"

"ရပါတယ် ဖီဖီရယ်၊ အမျိုးတွေမို့လား သည်းခံရမှာပေါ့"

သူတို့ပြောနေသော အတိုင်းသား ကြားနေရသည်။ ရန်ဖြစ်ချင်ပါတယ်ဆိုမှ ခန္တီပါရမီရှင်တွေနဲ့ လာတိုးနေသည်။ ဒါနဲ့နေဦး။ သူ့နာမည်က ရှင်းသစ်တဲ့။ နာမည်က အမိစားပါလား။ လူကလည်း တော်တော်မိုက်သည်။ Style မိုက်တာကိုပြောတာပါ။

ဆရာဝန်ဆိုပေမယ့် သူ့ဒီဇိုင်းက အရိုင်းဆန်သည်။ ဆံပင်ပျော့အိအိက ကုပ်ထောက်နေသည်။ ပါးရိုးတစ်လျှောက်မှာ စိမ်းစိုနေသော တိုတိတိ ပါးမြိုင်းမွေးတို့ကို ပုံဖော်ရိတ်သင်ထားသေးသည်။ အရပ်က ခြောက်ပေခန့်တော့ ရှိနိုင်သည်။ မျက်လုံးက ဗာဒံစေ့ပုံစံ။ မျက်ဆံက ညိုညိုလေး။ ခြုံငုံကြည့်ရင် ချစ်စရာကောင်းသား။

အို ... ဖြူစင် ဘာတွေ တွေးနေမိပါလိမ့်။ ထိုစဉ် ဖြူစင့်သူငယ်ချင်းတွေ ရောက်လာသည်။ ကျော်ကြီးနှင့် စိုးမိုင်၊ ဘုတ်ဘုတ်၊ ပုတုတို့ပေါ့။ ဖြူစင်တို့ သူငယ်ချင်းငါးယောက်အဖွဲ့က တော်တော်ချစ်ကြသည်လေ။

"ဟိတ်ကောင် ... ဘာမှ ပူဆွေးမနေနဲ့၊ မှည့်ချိန်တန်မှည့် ကြွေချိန်တန်ကြွေ"

"ကျော်ကြီးပါးစပ်က နတ်စကားထွက်လို့ပါလား"

ကျယ်ကျယ်လောင်လောင် လုပ်နေသော သူတို့ကို တခြားသူတွေနှင့်အတူ ရှင်းသစ်ကလည်း လှည့်ကြည့်ပါသည်။

"ဟိတ် ... ဟိုမှာ မသရဖီနားမှာ ထိုင်နေတဲ့တစ်ယောက်အကြောင်း ငါ

သိချင်တယ်”

စိုးမိုင်က မျက်နှာပျက်သည်။ ပျက်ရမယ်လေ။ ဖြူစင်ထွန်းခရဲ့ ပါးစပ်က ယောက်ျားတစ်ယောက်ဟု ဌာန်ကရိုဏ်းထိတာ ဒီတစ်ခါပဲ ရှိဖူးတာကိုး။ ဖြူစင်ဆိုရင် အသက်ပါပေးချင်လောက်အောင်ချစ်သော စိုးမိုင်။ စိုးရိမ်မှုအလုံးက ရင်ဝတက်ဆောင့်သည်။ ကျော်ကြီးကလည်း ယောက်ျားလေးချင်း ဘက်ပင်းကာ စိုးမိုင်ကို လှည့်ကြည့်သည်။

ဘုတ်ဘုတ်နှင့် ပုတုကတော့ တက်ကြွသည်။

“ဟဲ့ … ဖြူစင် Heart ထိသွားပြီလား၊ ကြည့်ရတာ တော့ အဆင်လှသားပဲ”

“အေး … အဲဒါ ငါ့အစ်မနဲ့ စေ့စပ်ထားတဲ့လူပဲ”

“ဘုရားရေ … မသရဖီနဲ့ စေ့စပ်ထားတာဆိုရင် ရှင်က ဘာလုပ်ဖို့ စုံစမ်းခိုင်းတာလဲ”

“ငါ Testလုပ်ချင်လို့လေ၊ လက်ဖျောက်တစ်ချက်လောက် တီးကြည့်ချင်လို့”

“ဟယ် … မကြုံစဖူးတာတွေပါလား၊ ဘယ်တုန်းက ရှင် အဲဒီ စိတ်ရိုင်း ဝင်သွားတာလဲ၊ Test ချင်တာမှ ဟုတ်ရဲ့လား၊ ရှင် သူ့ကို ကြွေသွားတာများလား”

ဖြူစင်က နှုတ်ခမ်းတွန့်ပြီး ခပ်ထေ့ထေ့ပြုံးနေသည်။

“ဟယ် … ရှင် ကျောက်ရုပ်ဖြစ်သွားပလား၊ ပြောပါဦး”

“တစ်ခါတ်လေမှာ ပါးစပ်က ဖွင့်မပြောတာက ပိုပြီး အဓိပ္ပာယ်ပြည့်စုံတယ် သူငယ်မရဲ့”

ကျော်ကြီးကတော့ ယောက်ျားလေးချင်းမို့ စိုးမိုင်ဘက်ပင်း၏ ။

“ဖြူစင် နင့်ကိုယ်နင် မရေရာဘဲ Test မလုပ်သင့်ဘူး၊ သူက မသရဖီနဲ့ စေ့စပ်ပြီးသားကြီးဟ၊ တော်ကြာ ခံနေရဦးမယ်”

“ခံရတယ်ဆိုတဲ့ ရာဇဝင်ကို အရှိမခံဘူး ကျော်ကြီး၊ တော်ပြီဟာ ဘာမှ မပြောနဲ့တော့၊ ငါ သူ့အကြောင်း တစ်ပတ်အတွင်း သိချင်တယ်၊ ငါ့ကို စုံစမ်းပေးကြ၊ ဒါပဲ”

နာရေးနှင့် ပူဆွေးနေသောအိမ်ထက် လက်ဖဝါးငါးခု ထိခတ်သံ ဖြောင်းခနဲထွက်လာသဖြင့် ရှင်းသစ်နဲ့ မသရဖီက လှည့်ကြည့်သည်။ ဒေါ်သူဇာထွန်းခက မဲ့ရွဲ့ပြီး စကားတင်းဆိုသည်။

ဒေါ်မေစောက တစ်ချက်သာ လှည့်ကြည့်ပြီး ဘာမှမပြော။

ထိုနေ့တစ်နေ့လုံး ရှင်းသစ်က သရဖီနားမှာနေပေးသလို ဖြူစင်ကလည်း ရှင်းသစ်ကိုပဲ တစ်ချိန်လုံး စူးစိုက်ကြည့်ကာ ပစ်မှတ်ထားနေခဲ့သည်။ ဒါကို ရှင်းသစ်က ရိပ်မိပါသည်။ ထိုသို့ ရိပ်မိသော်လည်း ဖြူစင့်ကို ကလေးသာသာဟု သဘောထားသော ရှင်းသစ်သည် ...။

*********